တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး

(၂၁) ရက်မြောက်နေ့အစီအစဉ်

(၂၈ - ၁၀ - ၂၀၂၆) (ဗုဒ္ဓဟူးနေ့) နံနက် ၁၀:၀၀ နာရီ

၁။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင် ကျင်းပကြောင်း ကြေညာခြင်း၊

၃။ တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး (၂၁) ရက်မြောက်နေ့အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားခြင်း၊

၅။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း၊

၆။ ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဦးဗိုးဆန်း၊ လေရှိုးမဲဆန္ဒနယ်၏ **လေရှိုး - ပန်ဆပ် - ဆွမ်မရာ လမ်းအား အဆင့်မြှင့်တင် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိမရှိ သိရှိလိုခြင်း** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

(ခ) ဦးရဲထွဋ်အောင်၊ မင်းလှ မဲဆန္ဒနယ်၏ **မင်းလှမြို့နယ်၊ သဲကောရွာမှ ထန်းပင်ကုန်း တံတားအထိ ပျက်စီးနေသော လမ်းအား အဆင့်မြှင့်တင်ပေးရန် အစီအစဉ်ရှိမရှိ သိရှိလိုခြင်း** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

(ဂ) ဦးကျော်ကျော်အောင်၊ ဝိုင်းမော်မဲဆန္ဒနယ်၏ **ဗလမင်းထင်တံတား အဆင်းမှ ဝိုင်းမော်မြို့နယ် နောင်တာလောရွာအထိ လမ်းအား နိုင်လွန်ကတ္တရာ သို့မဟုတ် ကတ္တရာထပ်ပိုးလွှာခင်းပေးရန် အစီအစဉ်ရှိမရှိ သိရှိလိုခြင်း** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးအောင်မြင့်သန်း၊ ကျောက်ဆည်မဲဆန္ဒနယ်၏ **ကျောက်ဆည်မြို့နှင့် ဆက်သွယ်သောလမ်း ရွှေဒါး – သပြေဝန်းလမ်းပိုင်းအား မည်သည့်ဘဏ္ဍာနှစ်တွင် အဆင့်မြှင့်တင်ပေးမည်ကို သိရှိလိုခြင်း** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

(င) ဦးစိုင်းထွန်းလင်း၊ မိုးနဲ မဲဆန္ဒနယ်၏ **ကျိုင်းတောင်း– ဆိုင်းခေါင်လမ်းပိုင်းအား ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ပေးရန် မည်သည့်ဘဏ္ဍာနှစ်တွင် စတင်မည်ကို သိရှိလိုခြင်း** နှင့်စပ်လျဉ်း သည့်မေးခွန်း၊

(စ) ဦးဝင်းဇော်၊ ပင်းတယ မဲဆန္ဒနယ်၏ **ပင်းတယမြို့၊ မြို့ရှောင်လမ်းကို မည်သည့်ဘဏ္ဍာနှစ်တွင် ဖောက်လုပ်ပေးမည်ကို သိရှိလိုခြင်း** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

(ဆ) ဦးငွါးရဲ့ဆဲ၊ မချမ်းဘော မဲဆန္ဒနယ်၏ **မချမ်းဘောမြို့တွင်းလမ်းပိုင်းအား မည်သည့်ဘဏ္ဍာနှစ်တွင် တိုးချဲ့ပေးမည်ကို သိရှိလိုခြင်း** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

(ဇ) ဒေါ်ဥမ္မာဌေး၊ မော်လမြိုင် မဲဆန္ဒနယ်၏ **မော်လမြိုင်မြို့နှင့် နေပြည်တော်သို့ ဆက်သွယ်သော မီးရထားအား မည်သည့် အချိန်တွင် စတင်ပြေးဆွဲမည်ကို သိရှိလိုခြင်း** နှင့်စပ်လျဉ်း သည့်မေးခွန်း၊

(စျ) ဒေါ်မော်မော်ခိုင်၊ ဒီးမော့ဆို မဲဆန္ဒနယ်၏ **သက်တမ်းလွန်မော်တော်ယာဉ်/ ဆိုင်ကယ်များအား မှတ်ပုံတင်ခွင့်ပြုမည့် အစီအစဉ်နှင့် မော်တော်ယာဉ် မှတ်ပုံတင်စာအုပ်၊ မှတ်ပုံတင် သက်သေခံလက်မှတ်များ ပျက်စီး၊ ပျောက်ဆုံးခြင်းများအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို သိရှိလိုခြင်း** နှင့်စပ်လျဉ်း သည့်မေးခွန်း၊

(ည) ဒေါ်ဇာခြည်လွင်၊ မိုးညှိမဲဆန္ဒနယ်၏ **မြို့နယ်ပြည်သူ့ဆေးရုံ အတွက် လျှပ်စစ်ဓာတ်အားပေးမီးစက် ပံ့ပိုးရန် မည်သည့် ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း** နှင့်စပ်လျဉ်း သည့်မေးခွန်း၊

(ဋ) ဒေါက်တာထိန်ဝင်း၊ ကျောင်းကုန်း မဲဆန္ဒနယ်၏ **ဒေါင့်ကြီး တိုက်နယ်ဆေးရုံအား ပြန်လည်တည်ဆောက်ပေးရန်နှင့် ကျန်းမာရေး ဝန်ထမ်းအိမ်ရာအသစ် တည်ဆောက်ပေးရန် မည်သည့်ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

(ဌ) ဦးအောင်နိုင်၊ ဝေါမဲဆန္ဒနယ်၏ **ဝေါမြို့နယ်၊ ပြည်သူ့ဆေးရုံတွင် လက်ထောက်ဆရာဝန်(အထူးကု)တစ်ဦးကို မည်သည့်အချိန်တွင် တာဝန်ချထားပေးမည်ကိုသိရှိလိုခြင်း** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

(ဍ) ဦးစိုင်းအောင်ခမ်း၊ မိုင်းယောင်း မဲဆန္ဒနယ်၏ **မိုင်းယောင်း မြို့နယ်၊ နမ့်ဟင်းချောင်း၊ လက်ရိုက်ရေလွှဲဆည်အား ကျောက်စီ ကွန်ကရစ် ရေလွှဲဆည်တည်ဆောက်ပေးရန် မည်သည့် ဘဏ္ဍာနှစ်တွင် ဆောက်လုပ်ပေးမည်ကို သိရှိလိုခြင်း** နှင့်စပ်လျဉ်း သည့်မေးခွန်း၊

(ဃ) ဦးစိုင်းဝန်းဆမ်၊ မိုင်းခတ် မဲဆန္ဒနယ်၏ **မိုင်းခတ်မြို့နယ်၊ မိုင်းနုန်းကျေးရွာ၊ နမ့်နုန်ချောင်း၊ ခမ်းနဲ့ရေလွှဲဆည် ချောင်းဘေး ကမ်းပါး ပြိုကျပျက်စီးမှုနှင့် ကျန်ရှိသည့် ကျောက်စီရေသွယ် မြောင်းအား မည်သည့်အချိန်တွင် တည်ဆောက်ပေးမည်ကို သိရှိလိုခြင်း** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

(ဏ)ဦးမောင်ရွှေ၊ လွိုင်ကော် မဲဆန္ဒနယ်၏ **မိုးပြဲရေကာတာမှ မှုံပြာကျေးရွာအထိ မြောင်းတစ်လျှောက် ကျောက်စီမြေထိန်းနံရံ ပြုလုပ်ပေးရန်နှင့် ရေမိုင်နာမြောင်းများ ပြုပြင်ပေးရန် အစီအစဉ် ရှိမရှိ သိရှိလိုခြင်း**နှင့် စပ်လျဉ်းသည့်မေးခွန်း။

၇။ ဒေါက်တာရွှေပြည်စိုး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း) မဲဆန္ဒနယ်က တင်သွင်းသည့် **"စာပေနှင့် ယဉ်ကျေးမှု၊ ရိုးရာထုံးစံများ မပျောက်မပျက်စေရေး အတွက် စာပေ၊ ယဉ်ကျေးမှုဆိုင်ရာမူဝါဒနှင့် စာပေ ရေရှည် ထိန်းသိမ်းခြင်းဆိုင်ရာ ဥပဒေ/ နည်းဥပဒေ (တစ်ခု) ရေးဆွဲပြီး တိတိကျကျ ပြဋ္ဌာန်းသင့်ကြောင်းအဆို"** ကို အောက်ပါ လွှတ်တော် ကိုယ်စားလှယ်များက ဆွေးနွေးခြင်း-

(က) ဦးဝင်းမြင့်မောင်၊ ကျောက်ပန်းတောင်းမဲဆန္ဒနယ်

(ခ) ဦးစိုင်းကျော်လှ၊ ကွန်ဟိန်းမဲဆန္ဒနယ်

(ဂ) ဒေါက်တာလှတင့် ၊ ဗဟန်းမဲဆန္ဒနယ်

၈။ ဒေါက်တာရွှေပြည်စိုး၊ ဒဂုံမြို့သစ် (ဆိပ်ကမ်း) မဲဆန္ဒနယ်က တင်သွင်းသည့် အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း၊

၉။ အမျိုးသားလွတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော **“အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အကာအကွယ်ပေးရေး ဥပဒေကြမ်း”** နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ တင်သွင်းခြင်းနှင့် ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း လွှတ်တော်သို့ တင်ပြခြင်း၊

၁၀။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး (၂၁) ရက်မြောက်နေ့ ရုပ်နားကြောင်းနှင့် အစည်းအဝေး (၂၂) ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။